





တစ်ခါတုန်းက နေမင်းကြီး ထွက်လာပြီး လေလည်းတိုက်နေတဲ့ နံနက်ခင်းမှာ ပေါ့ကွယ်။ ပင့်ကူလေးတစ်ကောင်ဟာ လေနဲ့အတူ လွင့်ပါသွားတယ်။ ပင့်ကူလေးဟာ မွေးမြူရေးခြံတစ်ခြံရဲ့ ခြံစည်းရိုးအနား ကျသွားတယ်။




ပင့်ကူလေးဟာ သူ့ရဲ့အိမ်ကို ပိုက်ကွန်သဖွယ် စတင်ယက်လုပ်တော့တယ်။




ထိုစဉ် မြင်းတစ်ကောင်က “ဟီးဟီး. . . မြင်းစီးမလား”လို့ ဆိုပြီး ရောက်လာတယ်။




 ပင့်ကူလေးက ဘာမှပြန်မပြောဘဲ သူ့ရဲ့အိမ်ကို ဆက်ပြီး ယက်လုပ်နေတယ်။




ထိုစဉ် နွားမကြီးရောက်လာပြီး "ဘွတ်အဲ ဘွတ်အဲ. . . မြက်စိမ်းစိမ်းနဲ့ ကောက်ရိုးစားမလား"လို့ မေးလာပြန်တယ်။




 ပင့်ကူလေးက ဘာမှပြန်မပြောဘဲ သူ့ရဲ့အိမ်ကို ဆက်ပြီး ယက်လုပ်နေတယ်။




ထိုစဉ် သိုးတစ်ကောင် ရောက်လာပြီး “အဲအဲအဲ. . . မြက်ခင်းစိမ်းစိမ်းရှိတဲ့
ဆီကို လိုက်မလား”လို့ ဆိုပြီး လာမေးပြန်တယ်။




၈ ပင့်ကူလေးက ဘာမှပြန်မပြောဘဲ သူ့ရဲ့အိမ်ကို ဆက်ပြီး ယက်လုပ်နေတယ်။




ထိုစဉ် ဆိတ်တစ်ကောင် ရောက်လာပြီး "ပဲ ပဲ ပဲ. . . ကွင်းပြင်မှာ
သွားခုန်ကစားရအောင်"လို့ ဆိုပြီး လာမေးပြန်တယ်။




 ပင့်ကူလေးက ဘာမှပြန်မပြောဘဲ သူ့ရဲ့အိမ်ကို ဆက်ပြီး ယက်လုပ်နေတယ်။




ထိုစဉ် ဝက်မကြီးတစ်ကောင် ရောက်လာပြီး “ငွတ် ငွတ် ငွတ်。。。 ကျွန်မတို့နဲ့ အတူ ရွှံ့ဗွက်လူးရအောင်”လို့ ဆိုပြီး လာခေါ်တယ်။




၁၂ ပင့်ကူလေးက ဘာမှပြန်မပြောဘဲ သူ့ရဲ့အိမ်ကို ဆက်ပြီး ယက်လုပ်နေတယ်။




ထိုစဉ် ခွေးတစ်ကောင် ရောက်လာပြီး "ဝုတ် ဝုတ် ဝုတ်. . .
ကြောင်သွားလိုက်ရအောင်"လို့ ဆိုပြီး လာခေါ်တယ်။




 ပင့်ကူလေးက ဘာမှပြန်မပြောဘဲ သူ့ရဲ့အိမ်ကို ဆက်ပြီး ယက်လုပ်နေတယ်။




ထိုစဉ် ကြောင်တစ်ကောင် ရောက်လာပြီး “ညောင် ညောင် ညောင်. . .
ခဏအိပ်ရအောင်”လို့ လာပြောတယ်။



 ပင့်ကူလေးက ဘာမှပြန်မပြောဘဲ သူ့ရဲ့အိမ်ကို ဆက်ပြီး ယက်လုပ်နေတယ်။




ထိုစဉ် ဘဲမကြီး ရောက်လာပြီး "ဂတ် ဂတ် ဂတ်. . . ကန်ထဲ
ရေသွားကူးရအောင်"လို့ လာပြောပြန်တယ်။




ပင့်ကူလေးဟာ အိမ်ကို ဆက်မယက်တော့ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့
သူ့ရဲ့ပိုက်ကွန်ထောင်ချောက် အိမ်လေးဟာ ပြီးစီးသွားပြီကိုး။




နောက်ဆုံးတော့ ကြက်ဖကြီးရောက်လာပြီး “အောက်အီးအီးအွတ်. . .
အရမ်းဆိုးတဲ့ ဒီယင်ကောင်ကို မဖမ်းချင်ဘူးလား”လို့ လာမေးပြန်တယ်။



ပင့်ကူလေးဟာ ငြိမ်ငြိမ်လေးပဲ နေနေပြီး “ရှုတ်”ဆို ယင်ကောင်လေးကို ထောင်ချောက်ထဲ ဖမ်းလိုက်ပါလေရောတဲ့ကွယ်။



ထိုစဉ် ညမှောင်လာပြီး ဇီးကွက်ရောက်လာတယ်။ "ကွက် ကွက်. . .
ဒီလောက်လှတဲ့ ပင့်ကူအိမ်လေး ဘယ်သူလုပ်ထားတာလဲ"လို့ မေးတယ်။



ပင့်ကူလေးဟာ ဘာမှပြန်မပြောဘူး။ အော်. . . ပင့်ကူလေး အိပ်နေပြီပဲ။
ပင့်ကူလေးအတွက် အလုပ်များတဲ့ နေ့တစ်နေ့ပေါ့ကွယ်။